# ဗိုလ်သန်းရွှေ တရုတ်ပြည်သွားမယ့်ခရီးနဲ့ ပတ်သက်ပြီး တွေးကြည့်မိသမျှ

## (၅ - ၉ - ၂၀၁၀)

(၁) နှစ်နိုင်ငံအစိုးရကြားမှာ ရှင်းစရာပြဿနာ မရှိပါဘူး။ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အရေးအရာတွေမှာ အဆင်ပြေနေကြတာပဲ။ ဆယ်စုနှစ် (၂) ခု ကျော်ရှိပြီ။ သူတို့ကြားမှာ ရှင်းစရာ ဘာမှမရှိပါဘူး။ တရုတ် ဗမာနယ်စပ်က 'အပစ်ရပ်အဖွဲ့' တွေ ကိစ္စက သူတို့အဖို့တော့ အရေးတကြီးကိစ္စ မဟုတ်ပါဘူး။ အောက်ခြေနဲ့ လွှဲထားလို့ ရပါတယ်၊

ဒါဖြင့် ဘာကြောင့် တရုတ်ပြည်သို့ ဗိုလ်သန်းရွှေ သွားသလဲ။ ဖြစ်နိုင်တာတွေကို တွေးကြည့်တော့ -

- ကုလားပြည်ကို (၂) ခေါက်သွားထားတာနဲ့ တန်းတူဖြစ်အောင် တရုတ်ပြည်ကို ဒုတိယအခေါက်လာတာ ဖြစ်နိုင်တယ်။
- စစ်အုပ်စုမျိုးဆက် အပြောင်းအလဲ လုပ်နေတာဖြစ်လို့ မျိုးဆက်သစ် စစ်အုပ်စုကိုလည်း ယုံယုံကြည်ကြည်ဆက်ဆံဖို့ မိတ်ဆက်ပေးဖို့ ဖြစ်နိုင်တယ်။ (ဒီကိစ္စက အဓိကဖြစ်လိမ့်မယ်။)
- ရွေးကောက်ပွဲပြီးရင် အမေရိကန်ရဲ့သဘောထား ဘာဖြစ်မလဲဆိုတာကို တွက်လို့ရပြီးသားပဲ။ တရုတ်က ဘယ်လို သဘောထားမလဲဆိုတာလည်း သိပြီးသားကိစ္စပဲ။ ဒီကိစ္စအတွက်တော့ တကူးတကသွားမှာ မဟုတ်ဘူး။
- အမေရိကန်နဲ့တရုတ်ကြားမှာ ပါဝါအပျော့/အမာ လွန်ပွဲကြောင့်လည်း မဟုတ်နိုင်ဘူး။ ဗမာပြည်က အာဆီယံ ASEAN ထီးရိပ်အောက်ကပဲ။ ပူစရာမရှိဘူး။

(၂) မိမိတို့တွေးကြည့်မိတာက သတင်းမှန်နဲ့သတင်းမှားကိုရောပြီး တမင်တကာ ထုတ်လွှင့်ပေးလိုက်ပြီးနောက် (ကောလာဟလတွေ၊ ထင်ကြေးတွေ အမျိုးမျိုးပေးလာအောင် လုပ်ပြီးတဲ့နောက်) ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ နံပါတ်ဝမ်းဖြစ်မြဲပါပဲ။ (ဒု) ဗိုလ်ချုပ်မှူးကြီးလည်း နဂိုအတိုင်းပါပဲ။ နအဖ ကလည်း နဂိုအတိုင်းပါပဲဆိုတာကို တကမ္ဘာလုံး သိသွားအောင် (ထင်ကြေးတွေ အမျိုးမျိုးပေးနေသူတွေ ပါးစပ်ပိတ်သွားအောင်) 'ကိုယ်ထင်ပြဖို့ သွားတဲ့ခရီး' လို့ တွက်ပါတယ်၊

(၃) ဒီလုပ်နည်းကို 'နအဖ' လုပ်ခဲ့တာ ကြာပါပြီ။ သတင်းမှန်နဲ့ သတင်းမှားရောပြီးလွှင့် အားလုံး ရေလိုက်လွှဲကုန်အောင်လုပ်၊ နောက်ဆုံးကျမှ တကူးတက ရှင်းချက်ထုတ်မနေတော့ဘဲ 'လူလုံးပြ ကိုယ်ထင်ပြ' တဲ့နည်း လုပ်တာပါ။

ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘ စသူတွေကို ဖြုတ်တုန်းကလည်း ဒီလိုပဲ လုပ်ခဲ့တာပါ။ 'ဖြုတ်' လိုက်သူတွေကို 'အကြံပေး' ဆိုပြီး နေရာပေးပါတယ်၊ ဒါပေမဲ့ ဘာအကြံမှ မပေးရတဲ့ 'အကြံပေး' တွေပဲ။

အခုလည်း 'နအဖ' ဝင်တွေအဖြစ် ဆက်ထားပါတယ်။ ဒါပေမဲ့ 'နအဖ' က နာမည်ခံအဖြစ်သာ ရှိနေတော့မှာပါ။ ရွေးကောက်ပွဲပြီးရင် ဖွဲ့မယ့် 'အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ' (အကလ) က 'နအဖ' ကို အစားထိုးတော့မှာပါ။

(၄) အိန္ဒိယသွားတုန်းကလို တလေ့ကြီးခေါ်သွားမလား။ ဘယ်သူတွေ ပါမလဲ။ ဒါကိုတော့ စောင့်ကြည့်ရမှာပဲ။ ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေး ဝန်ကြီးလောင်းလျာတွေကို ခေါ်သွားမယ် ထင်ပါတယ်။ ကာ/ချုပ် နဲ့ ဒု ကာ/ချုပ် လောင်းလျာ ဘယ်သူပါသွားမလဲ။ ဒါလည်း စောင့်ကြည့်ရမှာပါ။

ဗိုလ်မောင်အေးကတော့ လေဆိပ်လိုက်ပို့တဲ့အခါ 'ကိုယ်ထင်ပြ' လိမ့်မယ်လို့ တွက်ပါတယ်၊

စောင့်ကြည့်ကြသေးတာပေါ့။ <u>သူတို့က သူ့အလုပ်သူလုပ်၊ ကိုယ်က ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ပဲ အရေးကြီးပါတယ်။</u>